ဝါဝါစာပေ

mgyoe.com

SAMPLE BOOK

# ချစ်သူလက်နဲ့ပျိုးတဲ့ ရာသီဥတု

စေပိုင်ထွဋ် ၊ ဝတ်ရည်နန္ဒာ



mgyoe.com

mgyoe.com SAMPLE BOOK

သူမြတ်နိုးတဲ့ လမ်းဘေးပန်းလောက်တောင်
အဖက်မတန်တဲ့ ဘဝပါပဲ
ကိုယ့်စိတ်နဲ့ကိုယ် လောင်ကျွမ်းရင်း
မင်းအလင်းရောင်လေး ဖြစ်လိုဖြစ်ငြား
အသံပြုနေမိသေးတယ်။ ။

-စေပိုင်ထွဋ်

အမေတို့ခေတ်က ချစ်တယ်လို့ပြောတယ် ။
သူက ကျွန်တော့်ကို ကော်ဖီ ဒိတ်မယ်လို့ ပြောတယ် ။
နှစ်ဆယ်ရာစုရဲ့ စီနီယာတွေက ရည်းစားစာ ရေးတယ် ။
ကျွန်တော်က ခင်ဗျားအတွက် ကဗျာတွေ ရေးခဲ့တယ် ။ ။

-ဝတ်ရည်နန္ဒာ

Design By Ishita

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်သူလက်နဲ့ ပျိုးတဲ့ ရာသီဥတု

စေပိုင်ထွဋ်၊ ဝတ်ရည်နန္ဒာ

mgyoe.com

mgyoe.com SAMPLE BOOK

( အပြင်ကိုထွက်ပါ၊ တာပတ်ပါ )

အမှတ် (၇၉၇)၊ (၂၅) လမ်း၊ ရွှေနံ့သာစံပြ ကျေးရွာအုပ်စု၊ မင်္ဂလာဒုံ မြို့နယ်၊

ရန်ကုန်။၀၉၇၈၃၇၆၅၈၂၉

mgyoe.com

mgyoe.com SAMPLE BOOK

*ပုံနှိပ်မှတ်တမ်း*

ချစ်သူလက်နဲ့ ပျိုးတဲ့ ရာသီဥတု - စေပိုင်ထွဋ်၊ ဝတ်ရည်နန္ဒာ

**ဝါဝါစာပေတိုက်**မှ ပထမအကြိမ်အဖြစ်၂၀၂၅ ခုနှစ် မေလတွင် ထုတ်ဝေပါသည်။

ထုတ်ဝေသူ ဦးသန်းဇော်ထွန်း (၀၃၃၅၆)၊ ဒီရေကမ်းစာပေ

လပြည့်လင်း ပုံနှိပ်တိုက်တွင် အုပ်ရေ ၃၀၀ ပုံနှိပ်ထုတ်ဝေပါသည်။

**အတွင်း ဒီဇိုင်း - အီရှိတာ**
**မျက်နှာဖုံး ဒီဇိုင်း - အီရှိတာ**

တန်ဖိုး - ၅၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

**[ ဤစာအုပ်ပါ ကဗျာနှင့် စာသားများကို စာရေးသူများ၏ အာဘော် မထိခိုက်စေနိုင်သော သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍ အခြားသော သတ်ပုံနှင့် ပုဒ်အထားအသို၊ ပါဒများအတွက် စာရေးသူ၏ ပိုင်ခွင့်အဖြစ် သတ်မှတ်လျက် ပြုပြင်ထားခြင်းမရှိပါ ]**

---

ယခု စာအုပ်ပါ စာမူ၏ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက်ကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိမိပိုင်အဖြစ် ထပ်ဆင့်ကူးယူဖော်ပြခြင်းအား ခွင့်မပြုပါ။
**( စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုအပ်ပါ။)**

.......

mgyoe.com

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

"ကြွေရဲလို့ ဝေခဲ့တယ်"

ရက်စက်ခြင်းက ဓားထက်ခဲ့လဲ

နှုတ်ဆိတ်နေခြင်းက အသက်ကို ခြွေလဲ

ချစ်တတ်ခြင်းက နှင်းဆီလို ပွင့်တယ်။

ကြွေရဲလို့ ဝေခဲ့တယ်။

ကျွန်တော့်ကဗျာတွေက သိပ်ခေါင်းမာတယ်။ ။

-ဝတ်ရည်နန္ဒာ

.......

mgyoe.com

mgyoe.com

SAMPLE BOOK

"မျှော်လင့်ခြင်းဆိုတာ ရက်လွန်တတ်တဲ့ ရာသီစာ မဟုတ်ဘူး"

နှုတ်ခမ်းထက်က ကော်ဖီရနံ့တွေ
'romantic' ဆန်တဲ့  ညနေခင်းတွေ
ကော်ဖီခွက်ထဲက ဝက်ဝုတ္တိ အလင်္ကာတွေ
တိတ်တခိုး ပျံ့လွင့်လာတဲ့ ခပ်တိုးတိုး ရင်ခုန်သံတွေ
ဖြောင့်ချက်မပေးရသေးတဲ့ သတိရခြင်းတွေ။
ပါရမီဖြည့်ချင်နေတဲ့ ချစ်တတ်ခြင်းတွေ...
မျှော်လင့်ခြင်းဆိုတာ ရက်လွန်တတ်တဲ့ ရာသီစာ မဟုတ်ဘူး ..။

-ဝတ်ရည်နှော

.......

mgyoe.com

mgyoe.com

SAMPLE BOOK

"Coffee cycle"

ဘုံဆိုင်ထဲမှာ ခြေရာတွေ ထပ်ခဲ့လဲ

အဖျော်ယမကာတွေနဲ့ နေပျော်ခဲ့လဲ

အချိန်တန်ရင်တော့

ဘော်ဒါတွေက ကော်ဖီသံသရာထဲပဲ ပြန်ရစ်ဝဲတယ်။

Coffee cycle ။ ။

-ဝတ်ရည်နန္ဒာ

.......

mgyoe.com

mgyoe.com SAMPLE BOOK

"အချစ်သင့်တယ်"

ကိုယ်မပိုင်ရတဲ့ အသက်ရှူသံ နွေးနွေးရယ်ပါ။

ခြေတစ်လှမ်း ဆုတ်ဖို့ စိတ်ကို နှိုးလဲ

မျက်ဝန်းညိုရဲ့အကြည့်တွေထဲမှာ

ဒီအချစ်ရှူးက သစ္စာဆူးနင့်တယ်။

ဘယ်ဘဝက ရေစက်လဲ။

စိတ်နဲ့ခန္ဓာကို သူ့ မျက်ဝန်းနဲ့ပြုစားတယ်။

ကျွန်တော် အချစ်သင့်တယ်။

-ဝတ်ရည်နန္ဒာ

.......

mgyoe.com

mgyoe.com SAMPLE BOOK

## "ကျွန်တော်တို့က လူငယ်"

အမေနဲ့အိမ်ကို ရှင်ကွဲ ခွဲရတယ်။

သူစိမ်းဆန်တဲ့ ရပ်ဝန်းထဲမှာ
အနာဂတ်တွေကို စရန်ပေးထားရတယ်။

'တစ်ရွာမပြောင်း သူကောင်းမဖြစ်'တဲ့ ဂါထာကို
ရွတ်တဲ့အခါ
ငယ်ချစ်ဦးနဲ့ လွဲရတယ်။

အသပြာမကြိုက်တဲ့ လူတန်းစားပေမယ့်
ယိုင်နဲ့နေတဲ့ အိမ်အိုလေးအတွက်တော့
သူရဲကောင်းဖြစ်ချင်ခဲ့တယ်။

ငယ်ဘဝရဲ့အိပ်မက်တွေကို
လော့ချပြီးတဲ့နောက် ရင်ဘတ်ဗလာနဲ့လည်း
အသက်ရှင်တတ်ခဲ့တယ်။

ရည်စားဦးရဲ့ လက်ထပ်ဖိတ်စာကို
အယ်ကိုဟောနဲ့ မြည်းခဲ့တယ်။

ဇာတိမြေကို သတိတရရှိတဲ့အခါ
အမေပြောတဲ့ "ငါ့သားလူမိုက်လေး"တွေက
ချောင်ကွယ်ရာမှာ မျက်ရည်ဝဲရတယ်။

ကျွန်တော်တို့က လူငယ်..။ ။

-ဝတ်ရည်နှာ

.......



mgyoe.com

mgyoe.com SAMPLE BOOK

"နွေးခွင့်"

ခဏလေး ငေးခွင့်ရလဲ
ရောင့်ရဲတတ်ခဲ့တယ်။
အချစ်နဲ့မငြိအောင် စိမ်းခဲ့လဲ
ကော်ဖီရောင်မျက်ဝန်းညို့ထဲ စိတ်က ယိမ်းတယ်
အကြည်ဓာတ်လေးရဲ့ရာသီခွင်မှာ ကြယ်တစ်ပွင့်
ပျိုးခဲ့တယ်။
စိတ်ဝိညာဉ်က သူ့ရင်ခွင်ထဲ ရစ်ဝဲတယ်။
ကျွန်တော့်အတွေးတွေကို
အနွေးဓာတ်ပေးပါ အစ်ကို။ ။

-ဝတ်ရည်နန္ဒာ

.......


mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော့်ကို ဖြည်းဖြည်းသတ်ပါ "

ပြန်မလာသေးတဲ့ စာလွှာတွေ မျှော်ရင်း
သန်းခေါင်ယံ ချောက်နက်ထဲကို ဝေဒနာတွေ ချော်ကျတယ်။

အနမ်းတစ်ပွင့် ပျိုးခဲ့လည်း
လွမ်းချင်းတွေသာ သူက ခြွေချတယ်။

သတိတရရှိခြင်းကို အဲ့ဒီလူက မေ့လျော့နေခဲ့တယ်။

ကော်ဖီကို ပုံမှန်သောက်ပါ။
အရင်လူကို စောင့်နေပါ။
ကျွန်တော့်ကို ဖြည်းဖြည်း သတ်ပါ ။ ။

-ဝတ်ရည်နန္ဒာ

.......

mgyoe.com

mgyoe.com

## "ကော်ဖီကို စစ်ကူခေါ်ရတယ်"

နင့်အတွက် ငါ ရှိတယ်။
ငါ့အတွက် ကော်ဖီရှိတယ်..။
ကော်ဖီတစ်ခွက်နဲ့ နှောင်ကြိုးဆက်ပြီး
အသက်ကို နှင်းအပ်ခဲ့တယ်။
နင့်အတွက် သဒ္ဓါပိုတော့
ငါ့မှာကော်ဖီကို စစ်ကူခေါ်ရတယ်။

သန်းခေါင်ယံလသာတော့
ဝရန်တာပေါ် အလွမ်းရောင် ဖြာတယ်။
ဘလက်ကော်ဖီတစ်ခွက်နဲ့
ညတွေကို စစ်ခင်းရတယ်။
ပြန်စာမရသေးတဲ့ စာလွှာတွေအတွက်
အိပ်စက်ခြင်းတွေကို စတေးခဲ့တယ်။
အချစ်အတွက် သဒ္ဓါလွန်တော့
ငါ့မှာ...
ကော်ဖီကျွန်ဖြစ်ခဲ့ရတယ်။

အချစ်ရယ်..
ကော်ဖီတစ်ခွက် အကြြင်နာတစ်ဝက်နဲ့ ငါ ဖျော်ထားတဲ့
မျှော်လင့်ခြင်းတစ်ခွက်။။

-ဝတ်ရည်နှာ

.......

mgyoe.com